# Contents


| | | |
|---|---|---|
| **Foreword** | | |
| **Introduction** | | **1** |
| **Policy Approach** | | **3** |
| **National Environmental Policy Vision & Mission** | | **5** |
| **National Environmental Policy Principles** | | **6** |
| (a) | Clean environment and healthy, functioning ecosystems | 6 |
| (b) | Sustainable economic and social development | 8 |
| (c) | Mainstreaming environmental protection and management | 10 |
| **Implementing the National Environmental Policy** | | **13** |

# မာတိကာ


**ဥယျောဇဉ်**

**နိဒါန်း** ၁

**မူဝါဒချဉ်းကပ်ပုံနည်းလမ်း** ၃

**အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ ရေရှည်မျှော်မှန်းချက်**

**နှင့်ရည်ရွယ်ချက်** ၅

**အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ အခြေခံမူများ** ၆

(က)သန့်ရှင်းသော ပတ်ဝန်းကျင်နှင့် ကောင်းမွန်သော

ဂေဟစနစ်များ ၆

(ခ) စီးပွားရေးနှင့် လူမှုရေးစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ၈

(ဂ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်ဝန်းကျင်

စီမံခန့်ခွဲရေးကို ထည့်သွင်းပေါင်းစပ်ခြင်း ၁၀

**အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒကို အကောင်အထည်**

**ဖော်ဆောင်ခြင်း** ၁၃

# Foreword



Our country is going through an historic transformation process, comprising national reconciliation, democratization and Federal Union Building. Critical to the success of this process is the protection of the unique environment and valuable resources that underpin the sustainable development of Myanmar.

The rich biodiversity of our nation, stretching from the mountains to the plains, and to the coasts, must be protected and husbanded, not merely in the interests of present economic and political challenges but also with a view to those that will have to be faced by future generations.

# ဥယျောဇဉ်



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသည် အမျိုးသား ပြန်လည်သင့်မြတ်ရေး၊ ဒီမိုကရေစီဖော်ဆောင်ရေးနှင့် ဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရေး အပါအဝင် သမိုင်းတွင်စေမည့် ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များကို ဖော်ဆောင်လျက်ရှိပါသည်။ ယင်းလုပ်ငန်းစဉ်များ အောင်မြင်နိုင်ရန် မြန်မာနိုင်ငံ၏စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ ဖြစ်စေသည့် ကောင်းမွန်သန့်ရှင်းသော ပတ်ဝန်းကျင် နှင့် အဖိုးတန်သယံဇာတအရင်းအမြစ်များကို ထိန်းသိမ်းကာကွယ်ရေးသည် လွန်စွာ အရေးကြီးပါသည်။

ယနေ့ ရင်ဆိုင်နေကြရသည့် စီးပွားရေး၊ နိုင်ငံရေးစိန်ခေါ်မှုများကို အောင်မြင်ကျော်လွှားနိုင်ရေးအပြင် အနာဂတ် မျိုးဆက်များ ကြုံတွေ့ရမည့် စိန်ခေါ်မှုများကိုပါ ထည့်သွင်းစဉ်းစားကာ တောင်တန်းများမှ မြေပြန့်နှင့် ကမ်းရိုးတန်းများအထိ ကျွန်ုပ်တို့နိုင်ငံ၏ ကြွယ်ဝလှသော ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းစောင့်ရှောက်ကြရပါမည်။

Global climate change, growing international trade, industrialization and urbanisation all present risks to our environment and natural resources. It is therefore essential that these be managed with care and foresight to ensure complementarity between our commitment to the 2030 Sustainable Development Goals and the need to protect our environmental assets.

This new National Environmental Policy provides long–term, strategic guidance for achieving the sustainable future we want. It requires the mainstreaming of environmental protection into planning and decision–making at all levels of government and in all sectors. Its detailed principles respect livelihood needs and development objectives while at the same time recognizing the full value of our ecosystems and the implications of our changing climate. This Policy ensures that environmental protection continues to be a central objective in Myanmar's sustainable development without losing sight of the importance of a pragmatic approach based on an awareness of the constantly evolving world around us.

The successful implementation of our National Environmental Policy calls for the Government, the

ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု၊ နိုင်ငံတကာကုန်သွယ်ရေး၊ စက်မှုနှင့် မြို့ပြ တိုးတက်ဖြစ်ထွန်းလာမှုများက ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတများကို ထိခိုက်မှုများ ဖြစ်လာစေနိုင်ပါသည်။ ၂၀၃၀ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက် ပန်းတိုင်များဆိုင်ရာ ကတိကဝတ်များနှင့် ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်ဆိုင်ရာ အရင်းအနှီးများကို ထိန်းသိမ်းကာကွယ်ရန် လိုအပ်မှုများအကြားတွင် အမြော်အမြင်ရှိစွာ ဂရုပြုစီမံခန့်ခွဲရန် မဖြစ်မနေ လိုအပ်ပါသည်။

ဤအမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒသည် ကျွန်ုပ်တို့ လိုလားတောင့်တသော ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်ကို ရရှိနိုင်ရန် ရေရှည် မဟာဗျူဟာမြောက်လမ်းညွှန်ချက်များကို ပံ့ပိုးပေးမည် ဖြစ်ပါသည်။ အစိုးရအဖွဲ့အဆင့်ဆင့်နှင့် ကဏ္ဍအသီးသီး၏ စီမံကိန်းများ ရေးဆွဲခြင်းနှင့် ဆုံးဖြတ်ချက်များ ချမှတ်ခြင်းတို့တွင် ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးကို အဓိကလုပ်ငန်းစဉ်တစ်ခု အနေဖြင့် ထည့်သွင်းပေါင်းစပ်ဆောင်ရွက်ရန် လိုအပ်ပါသည်။ ဤမူဝါဒ၏ အခြေခံမူများသည် လူမှုဘဝလိုအပ်ချက်များနှင့် ဖွံ့ဖြိုးတိုးတက်ရေး ရည်ရွယ်ချက်များကို အလေးထားသကဲ့သို့ ကျွန်ုပ်တို့၏ ဂေဟစနစ်တန်ဖိုးများနှင့် ရာသီဥတုပြောင်းလဲမှုများကိုလည်း ထည့်သွင်းစဉ်းစားထားပါသည်။ ဤမူဝါဒသည် မြန်မာနိုင်ငံ၏ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်ကို ဖော်ဆောင်ရာတွင် ကျွန်ုပ်တို့၏ပတ်ဝန်းကျင်ရှိ အစဉ်ဖြစ်ပျက်ပြောင်းလဲနေမှုများကို သတိမူကာ လက်တွေ့ကျသည့်နည်းလမ်းများကို မျက်ခြည်မပြတ်စေဘဲ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးကို အဓိကရည်မှန်းချက်အဖြစ် ဆက်လက်ထားရှိမည်ဖြစ်ပါသည်။

ဤအမျိုးသား ပတ်ဝန်းကျင်ရေးရာမူဝါဒကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိက

private sector and the public to engage in a collective effort to marshal and nurture our human and physical resources. I am confident that the cooperation and dedication of all who love and value Myanmar will enable us to attain our goal of a peaceful, prosperous and beautiful country.

Aung San Suu Kyi

State Counsellor

The Republic of the Union of Myanmar

ကဏ္ဍာနှင့် ပြည်သူများအားလုံး ကျွန်ုပ်တို့၏လူ့စွမ်းအားနှင့် သယံဇာတ အရင်းအမြစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးကို ဝိုင်းဝန်းကြိုးပမ်း အားထုတ်ကြရန် တိုက်တွန်းအပ်ပါသည်။ မြန်မာနိုင်ငံကို ချစ်ခင်တန်ဖိုး ထားသူအားလုံး၏ ပူးပေါင်းကြိုးပမ်းအားထုတ်မှုများသည် ငြိမ်းချမ်းသော၊ သာယာဝပြောသော၊ လှပသော မြန်မာနိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရေး ရည်မှန်းချက်(ပန်းတိုင်)ကို ရရှိစေနိုင်မည်ဟု ယုံကြည်ပါသည်။

အောင်ဆန်းစုကြည်
နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

National Environmental Policy of Myanmar

## Introduction

1. Myanmar is blessed with diverse ecosystems, rich biodiversity and bountiful natural resources. The health of these ecosystems is essential for the country's development and the people's wellbeing, given that all economic and social sectors depend on its natural capital. Yet many of our country's natural resources and environmental assets are under pressure due to a number of different causes. Deforestation, mangrove loss, illegal wildlife trade, unregulated mineral extraction and environmental quality deterioration are just some of the ongoing threats to Myanmar's natural capital. Without sound environmental governance, rapid economic development could further exacerbate these existing environmental problems. As a result of the opening of the country's economy, increasing foreign and domestic investment is contributing to an intensification of industrial activity and rapid urban expansion. This brings additional environmental challenges such as air and water pollution, land contamination and hazardous waste. Furthermore, Myanmar is one of the countries most vulnerable to climate change. Widespread natural disasters caused by

## နိဒါန်း

၁။ မြန်မာနိုင်ငံသည် မတူကွဲပြားသော ဂေဟစနစ်များ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝသယံဇာတများပေါကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့် အားလျော်စွာ နိုင်ငံ၏စီးပွားဖွံ့ဖြိုးရေးနှင့် ပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ကဏ္ဍအသီးသီးတွင် သဘာဝသယံဇာတအရင်းအနှီးများအပေါ်များစွာ မှီခိုနေရသဖြင့် ကောင်းမွန်သော ဂေဟစနစ်များနှင့် သဘာဝသယံဇာတများ ရေရှည်တည်တံ့နိုင်ရေးသည် လွန်စွာအရေးကြီးလှပါသည်။ သို့ရာတွင် မြန်မာနိုင်ငံ၏ သဘာဝသယံဇာတများနှင့် ပတ်ဝန်းကျင်တို့ အပေါ်ဖိအားသက်ရောက်လျက်ရှိသော အကြောင်းရင်းများစွာရှိရာ သစ်တောပြုန်းတီးခြင်း၊ ဒီရေတောများပျက်စီးဆုံးရှုံးခြင်း၊ တောရိုင်းတိရစ္ဆာန်နှင့် အပင်များ တရားမဝင် ရောင်းဝယ်ဖောက်ကားခြင်း၊ အထိန်းအကွပ်မဲ့ တွင်းထွက်သယံဇာတ တူးဖော်ခြင်းနှင့် လေထု၊ ရေထု၊ မြေထု စသည့် ပတ်ဝန်းကျင်အရည်အသွေးများ လျော့ကျလာခြင်းတို့မှာ မြန်မာနိုင်ငံ၏သဘာဝအရင်းအနှီးများကို ခြိမ်းခြောက်နေသော လက်ရှိကြုံတွေ့နေရသည့် ပြဿနာများဖြစ်ပါသည်။ ခိုင်မာအားကောင်းသည့် ပတ်ဝန်းကျင်ဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်မရှိဘဲ စီးပွားရေးဖွံ့ဖြိုးမှု အလျင်အမြန်ရရှိရန် ဆောင်ရွက်ခြင်းသည် လက်ရှိပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို ပိုမိုကြီးထွားလာစေနိုင်ပါသည်။ နိုင်ငံတော်၏ စီးပွားရေး ပွင့်လင်းလာသည်နှင့်အမျှ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးတက်များပြားလာခြင်းကြောင့် စက်မှုလုပ်ငန်းများနှင့် မြို့ပြတိုးချဲ့မှုတို့မှာ လျင်မြန်စွာ မြင့်တက်လျက်ရှိရာ အကျိုးဆက် အနေဖြင့် လေထု၊ ရေထုနှင့် မြေထုညစ်ညမ်းမှုများ၊ ဘေးအန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများ စွန့်ပစ်ခြင်းစသည့် ပတ်ဝန်းကျင်ဆိုင်ရာစိန်ခေါ်မှုများ တိုးပွားလျက်ရှိပါသည်။ ထို့အပြင်

extreme weather events and predicted future dramatic climate change are major challenges for the country's economic and social development.

2. The Government of the Republic of the Union of Myanmar has responded to these challenges by adopting this new National Environmental Policy with the aim of mainstreaming environmental considerations into economic and social development. The Policy will provide long–term guidance for government organizations, civil society, the private sector and development partners on the achievement of environmental protection and sustainable development objectives in Myanmar. Along with this Policy, the Government emphasises the importance of placing environmental considerations at the centre of efforts to promote economic and social development, reduce poverty, mitigate and adapt to climate change, and minimize natural disaster risks.

မြန်မာနိုင်ငံသည် ကမ္ဘာတွင် ရာသီဥတုပြောင်းလဲမှုကြောင့် အထိခိုက် လွယ်ဆုံး နိုင်ငံ တစ်နိုင်ငံ ဖြစ်ပြီး ပြင်းထန်လွန်ကဲသော မိုးလေဝသ အခြေအနေများကြောင့် သဘာဝဘေးအန္တရာယ်များ နေရာအနှံ့ ကြုံတွေ့ခဲ့ရမှုနှင့် အနာဂတ်တွင် ထပ်မံ ဖြစ်ပွားနိုင်ဖွယ် ရှိကြောင်း ခန့်မှန်းထားသည့် ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များသည် စီးပွား ဖွံ့ဖြိုးမှုနှင့် လူမှုဘဝဖွံ့ဖြိုးမှုအပေါ် အဓိကစိန်ခေါ်မှုများ ဖြစ်ပါသည်။

၂။ အဆိုပါ ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ဖော်ဆောင်ရာတွင် ပတ်ဝန်းကျင် ဆိုင်ရာကိစ္စရပ်များကို ဟန်ချက်ညီညီ ပေါင်းစပ်ပေးနိုင်ရေးအတွက် ခိုင်မာသည့် ဤအမျိုးသားပတ်ဝန်းကျင်ရေးရာ မူဝါဒကို ချမှတ်သည်။ အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒသည် အစိုးရဌာနအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ဖွံ့ဖြိုးရေး မိတ်ဖက်များအား မြန်မာနိုင်ငံ၏ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေး နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ရေရှည် အသုံးပြုနိုင်မည့် လမ်းညွှန်ချက်များ ချမှတ်ပေးရန်ဖြစ်သည်။ နိုင်ငံတော်အစိုးရသည် စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် လိုက်လျောညီထွေရှိစေရေး၊ သဘာဝဘေးအန္တရာယ်များ လျော့ပါးရေးအတွက် အားထုတ်ကြိုးပမ်း ဆောင်ရွက်ရာတွင် ဤမူဝါဒနှင့်အညီ ပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များကို ထည့်သွင်းပေါင်းစပ်ခြင်းသည် ပဓာနကျကြောင်း အလေးအနက်ထား ပါသည်။

## Policy Approach

3. This Policy builds on Myanmar's 1994 National Environment Policy and reaffirms its core values:

(a) The wealth of the nation is its people, its cultural heritage, its environment and its natural resources.

(b) It is the responsibility of the State and every citizen to preserve our natural resources in the interests of present and future generations.

(c) Environmental protection should always be the primary objective in seeking development.

4. It also builds on the 1997 Myanmar Agenda 21, the 2009 National Sustainable Development Strategy. It is grounded in the environmental responsibilities in the 2008 Constitution of the Republic of the Union of Myanmar, and the obligations contained in the 2012 Environmental Conservation Law. It also aligns with, and expands upon, the environmental considerations in the 2015 National Comprehensive Development Plan and the 2018 Myanmar Sustainable Development Plan. The Policy recognises and integrates Myanmar's commitments to Multilateral Environmental Agreements, including the 2015 Paris Agreement.

## မူဝါဒချဉ်းကပ်ပုံနည်းလမ်း

၃။ ဤအမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒသည် ၁၉၉၄ ခုနှစ် မြန်မာနိုင်ငံ အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒတွင် ပါရှိသော အောက်ပါ ပင်မတန်ဖိုးများကို အခြေပြု ရေးဆွဲထားပါသည်–

(က) နိုင်ငံတစ်နိုင်ငံ၏ချမ်းသာကြွယ်ဝမှုသည် ယင်းနိုင်ငံ၏ ပြည်သူများ၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ ပတ်ဝန်းကျင် နှင့် သဘာဝသယံဇာတပစ္စည်းများပင် ဖြစ်သည်။

(ခ) ပစ္စုပ္ပန်နှင့် အနာဂတ် မျိုးနွယ်ဆက်များ၏အကျိုးငှာ သဘာဝသယံဇာတ ပစ္စည်းများကို ကာကွယ် ထိန်းသိမ်းရေးသည် နိုင်ငံတော်နှင့် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်။

(ဂ) ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပတ်ဝန်းကျင် ရေးရာ ကာကွယ်စောင့်ရှောက်မှုကို ပဓာနကျသော ရည်မှန်းချက်အဖြစ် ထာဝစဉ် ထားရှိရမည်ဖြစ်သည်။

၄။ ဤမူဝါဒသည် ၁၉၉၇ ခုနှစ် မြန်မာ ၂၁ ရာစု အစီအစဉ်၊ ၂၀၀၉ ခုနှစ် အမျိုးသားစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ တို့ကို ထပ်မံ အတည်ပြုလျက် ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၂၀၁၂ ခုနှစ် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေတွင် ပါဝင်သည့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဋ္ဌာန်းချက် များအပေါ်လည်း အခြေခံထားပါသည်။ ထို့အပြင် ၂၀၁၅ ခုနှစ် အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းနှင့် ၂၀၁၈ ခုနှစ် မြန်မာနိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းတို့တွင် ပါဝင်သော ပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များကို ထပ်မံဖြည့်စွက် ထားသကဲ့သို့ ၂၀၁၅ ခုနှစ် ပါရီသဘောတူညီချက် အပါအဝင် အပြည်ပြည်ဆိုင်ရာ ပတ်ဝန်းကျင်ရေးရာ သဘောတူညီချက်များတွင် ပါဝင်သော မြန်မာနိုင်ငံ၏ ကတိကဝတ်များကိုလည်း အသိအမှတ်ပြု ထည့်သွင်းထားပါသည်။

5. The Government of the Republic of the Union of Myanmar recognises the fundamental links between environmental protection, economic and social development, and poverty alleviation. The principles outlined in this National Environmental Policy reflect these linkages. This approach is consistent with the 2030 Agenda for Sustainable Development which includes 17 SDGs to end poverty, fight inequality and injustice, and tackle climate change by 2030. Putting this Policy into action will also ensure that Myanmar makes significant progress in meeting the SDGs.

6. This National Environmental Policy will serve as a guide in mapping out detailed action plans for environmental protection and sustainable development, and set the direction for the on-going implementation and enhancement of relevant laws and policies. Further it will establish a foundation for mainstreaming environmental considerations into decision-making on economic and social development and activities by:

(a) conceiving a long-term vision for environmental protection and sustainable development, supported by key national environmental policy principles;

၅။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး၊ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတို့အကြား အခြေခံကျသည့်ဆက်စပ်မှုများကို အသိအမှတ်ပြုသည့် အားလျော်စွာ ဤအမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒပါ အခြေခံမူများသည် အဆိုပါ ဆက်စပ်မှုများကို ထင်ဟပ်စေပါသည်။ ဤမူဝါဒသည် ၂၀၃၀ မတိုင်မီဆင်းရဲနွမ်းပါးမှုပပျောက်ရေး၊ သာတူညီမျှရေးနှင့် တရားမျှတမှုရှိစေရေး၊ ရာသီဥတုပြောင်းလဲမှုကို ဖြေရှင်းရေးစသည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက် (၁၇)ရပ် ပါဝင်သည့် ၂၀၃၀ ပြည့်နှစ်၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်နှင့်လည်း လျော်ညီပါသည်။ ဤအမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအားဖြင့် မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များကို ဖြည့်ဆည်းရာ၌လည်း သိသာထင်ရှားသောတိုးတက်မှုများ ရရှိနိုင်မည်ဖြစ်သည်။

၆။ ဤအမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒသည် ပတ်ဝန်းကျင်ထိန်းသိမ်း ကာကွယ်ရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရရှိရန် ဆောင်ရွက်ရမည့်အသေးစိတ်လုပ်ငန်းစဉ်များအတွက် လမ်းညွှန်ဖြစ်ပြီး ပတ်ဝန်းကျင်နှင့် ဆက်နွယ်သည့် ပိုမိုကောင်းမွန်သော မူဝါဒများ၊ ဥပဒေများကို တိုးမြှင့် အကောင်အထည်ဖော်ဆောင်ရာတွင်လည်း လမ်းညွှန်ချက်များ ချမှတ်ပေးသွားမည်ဖြစ်သည်။ အောက်ပါအချက်များကို ဆောင်ရွက်ခြင်းဖြင့် စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများတွင် ဆုံးဖြတ်ချက်များချမှတ်ရာ၌လည်း ပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များကို ထည့်သွင်းစဉ်းစားနိုင်ရန် အခြေခံအုတ်မြစ်အဖြစ် သတ်မှတ်ထားရှိပါသည်–

(က) ပတ်ဝန်းကျင်ထိန်းသိမ်း ကာကွယ်ရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပတ်ဝန်းကျင်ရေးရာမူဝါဒရေရှည်မျှော်မှန်းချက်နှင့် အခြေခံမူများချမှတ်ပေးခြင်း၊

(b) providing a framework for incorporating environmental protection and sustainable development into all relevant sectoral policies; and

(c) setting a basis for enhancing environmental governance in Myanmar.

**National Environmental Policy Vision & Mission**

**Vision**

**A clean environment, with healthy and functioning ecosystems, that ensures inclusive development and wellbeing for all people in Myanmar**

**Mission**

**To establish national environmental policy principles for guiding environmental protection and sustainable development and for mainstreaming environmental considerations into all policies, laws, regulations, plans, strategies, programmes and projects in Myanmar**

(ခ) ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ဆောင်ချက်များအား ဆက်စပ်ကဏ္ဍများ၏ မူဝါဒများတွင် ထည့်သွင်းနိုင်ရေးအတွက် မူဘောင်တစ်ခုကိုသတ်မှတ်ပေးခြင်း၊

(ဂ) မြန်မာနိုင်ငံတွင် ပတ်ဝန်းကျင်ဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ် တိုးတက်ကောင်းမွန် လာစေရေးအတွက် အခြေခံအုတ်မြစ် တည်ဆောက်ပေးခြင်း။

## အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ ရေရှည်မျှော်မှန်းချက်နှင့်ရည်ရွယ်ချက်

### ရေရှည်မျှော်မှန်းချက်

မြန်မာနိုင်ငံတွင်း မှီတင်းနေထိုင်နေကြသူအားလုံး၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာပျော်ရွှင်ရေးအတွက် သန့်ရှင်းသော ပတ်ဝန်းကျင်နှင့် ကောင်းမွန်သော ဂေဟစနစ်ကို ထိန်းသိမ်းနိုင်ရန်

### ရည်ရွယ်ချက်

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးတို့အား လမ်းညွှန်မှုပြုရန်နှင့်
မြန်မာနိုင်ငံရှိ မူဝါဒများ၊ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ စီမံချက်များ၊ မဟာဗျူဟာများ၊ အစီအစဉ်များနှင့် စီမံကိန်းများတွင် ပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များကို ပေါင်းစပ်ထည့်သွင်းနိုင်ရန် အတွက် အမျိုးသားပတ်ဝန်းကျင်ရေးရာ အခြေခံမူများချမှတ်ရန်

# National Environmental Policy Principles

7. To pursue this vision, the Government of the Republic of the Union of Myanmar adopts the following 23 National Environmental Policy principles as the guiding framework for achieving: a clean environment and healthy, functioning ecosystems; sustainable economic and social development; and the mainstreaming of environmental protection and management:

## (a) Clean environment and healthy, functioning ecosystems

(1) **Every person and citizen** living in Myanmar has the right to access a clean and healthy environment, and the duty to protect the environment.

(2) **The complete value of Myanmar's environment is recognised and considered** – both tangible and intangible values, including its significant spiritual values, ecological assets and cultural heritage, in addition to its direct benefits for humanity.

## အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ အခြေခံမူများ

၇။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရသည် ပတ်ဝန်းကျင်ရေးရာ မူဝါဒရေရှည်မျှော်မှန်းချက်ကို ဖော်ဆောင်နိုင်ရန် သန့်ရှင်းသောပတ်ဝန်းကျင်နှင့် ကောင်းမွန်သောဂေဟစနစ်များရရှိရေး၊ စီးပွားရေးနှင့် လူမှုရေးစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေးကိုထည့်သွင်း ပေါင်းစပ်ရေးအတွက် လမ်းညွှန်မှုဘောင်များအဖြစ် အောက်ဖော်ပြပါ အမျိုးသားပတ်ဝန်းကျင်ရေးရာ အခြေခံမူ(၂၃)ချက်ကိုချမှတ်သည် –

### (က) သန့်ရှင်းသော ပတ်ဝန်းကျင်နှင့် ကောင်းမွန်သော ဂေဟစနစ်များ

(၁) ကျန်းမာသန့်ရှင်းသော ပတ်ဝန်းကျင်ကို ခံစားနိုင်ခွင့်နှင့် အဆိုပါပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ခွင့်တို့သည် **မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသူတိုင်းနှင့် နိုင်ငံသူ၊ နိုင်ငံသားတိုင်း၏** အခွင့်အရေးဖြစ်သည်။

(၂) ပတ်ဝန်းကျင်ထံမှ လူသားများတိုက်ရိုက် ရရှိသည့်သိသာထင်ရှားစွာ ဖော်ပြနိုင်သော အကျိုးကျေးဇူးများသာမက ယုံကြည်ကိုးကွယ်မှုနှင့် စိတ်ပိုင်းဆိုင်ရာ၊ ဂေဟစနစ်ဆိုင်ရာတန်ဖိုး၊ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ စသည့် အကြောင်းအထည် အနေဖြင့် မဖော်ပြနိုင်သော အကျိုးကျေးဇူးများကိုပါ **ပတ်ဝန်းကျင်၏ ပြီးပြည့်စုံသော တန်ဖိုးအဖြစ် အသိအမှတ်ပြု** ထည့်သွင်းစဉ်းစားရမည်။

(3) Environment and natural resource management will recognise the **critical roles that Myanmar's natural capital and ecosystem services play** in the country's society and economy.

(4) Myanmar's ecosystems are to be protected and managed in a sustainable way in order to maintain their **natural functions and resilience, and rich biodiversity.**

(5) Myanmar's natural resources are to be protected and managed in integrated and sustainable ways without diminishing their **availability and quality for future generations.**

(6) The **rights of indigenous people and ethnic nationalities** to their lands, territories, resources and cultural heritage, and their roles in environmental conservation and natural resources management, are recognised and protected.

(၃) **မြန်မာနိုင်ငံ၏ သဘာဝ အရင်းအနှီးများနှင့် ဂေဟစနစ် ဝန်ဆောင်မှုများ**သည် နိုင်ငံ၏ လူမှုရေးနှင့် စီးပွားရေးတို့တွင် **အရေးပါသည့် ကဏ္ဍမှ ပါဝင်သည်ကို** အသိအမှတ်ပြု၍ ပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတစီမံခန့်ခွဲရေး လုပ်ငန်းများကိုလုပ်ဆောင်ရမည်။

(၄) ဂေဟစနစ်များ၏ **သဘာဝအတိုင်း အဆင်ပြေ ချောမွေ့စွာ လည်ပတ်နိုင်မှုနှင့် ဇီဝမျိုးစုံမျိုးကွဲ ကြွယ်ဝမှုများကို ထိန်းသိမ်းထားနိုင်စေရန် အလို့ငှာ** မြန်မာနိုင်ငံ၏ ဂေဟစနစ်များကို ကာကွယ်စောင့်ရှောက်၍ ရေရှည်တည်တံ့စေသော နည်းလမ်းများဖြင့် စီမံခန့်ခွဲရမည်။

(၅) **အနာဂတ်မျိုးဆက်သစ်များအတွက် အရည်အသွေး ကောင်းမွန်သော သဘာဝသယံဇာတများ ရရှိနိုင်မှု လျော့နည်းသွားစေခြင်း မရှိစေရန်**မြန်မာနိုင်ငံ၏ သဘာဝသယံဇာတများကို ကာကွယ်စောင့်ရှောက် ၍ဘက်စုံ ပါဝင်သည့် ရေရှည်တည်တံ့စေသော နည်းလမ်းများဖြင့် စီမံခန့်ခွဲရမည်။

(၆) **ဌာနေတိုင်းရင်းသားများနှင့် တိုင်းရင်းသားလူမျိုးစု များ၏** မြေယာများ၊ ပိုင်နက်နယ်မြေများ၊ သယံဇာတများနှင့် ယဉ်ကျေးမှု အမွေအနှစ်များ ဆိုင်ရာ **အခွင့်အရေးများ**အပြင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သဘာဝသယံဇာတများ စီမံ ခန့်ခွဲမှုတွင် ၎င်းတို့၏အခန်းကဏ္ဍများကိုလည်း အသိအမှတ်ပြု ကာကွယ်စောင့်ရှောက်ရမည်။

(7) **Environmental service provisioning** (including waste management, wastewater treatment, drinking water purification, ambient air and water quality monitoring and management) will be included as necessary parts of infrastructure planning and development for urban and human settlement areas, with **resource efficient and zero waste approaches** used.

### (b) Sustainable economic and social development

(8) **Environmental sustainability will always be a central objective** in determining Myanmar's economic and social development strategies, which will prioritise low-carbon and green economy pathways, through responsible investment and partnerships with the private sector and civil society.

(9) Recognising the inextricable link between environment and poverty, **environmental considerations must be central to effective people-centred development and serve to guide development strategies** so that sustainable and equitable approaches to improved prosperity and living standards are pursued.

(၇) မြို့ပြနှင့် လူနေဧရိယာများအတွက် အခြေခံအဆောက်အအုံဆိုင်ရာ စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရာတွင် စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲခြင်း၊ ရေဆိုးသန့်စင်ခြင်း၊ သောက်သုံးရေသန့်စင်ခြင်း၊ ဝန်းကျင်လေထုနှင့် ရေထုအရည်အသွေး စောင့်ကြည့်စစ်ဆေးခြင်းနှင့် စီမံခန့်ခွဲခြင်းအစရှိသော **ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ** မရှိမဖြစ်ပါဝင်စေရမည်။ အဆိုပါ စီမံကိန်းများ ဆောင်ရွက်ရာတွင် **သယံဇာတများကို အကျိုးရှိရှိထိရောက်စွာ သုံးစွဲ၍ လေလွင့်မှု မရှိစေသော နည်းလမ်းများဖြင့်** ဆောင်ရွက်ရမည်။

## (ခ) စီးပွားရေးနှင့်လူမှုရေးစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု

(၈) မြန်မာနိုင်ငံ၏စီးပွားရေးနှင့် လူမှုရေးတိုးတက်ရေး မဟာဗျူဟာများ ချမှတ်ရာတွင် **ပတ်ဝန်းကျင်ရေရှည် တည်တံ့စေရေးကို ပဓာနကျသော ရည်ရွယ်ချက်အဖြစ် ထားရှိရမည်ဖြစ်ပြီး** ကာဗွန်ထုတ်လွှတ်မှုနည်းပါးသည့် အစိမ်းရောင်စီးပွားရေးလမ်းကြောင်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ရမည်။

(၉) ပတ်ဝန်းကျင်နှင့် ဆင်းရဲနွမ်းပါးမှုတို့သည် ခွဲထုတ်မရနိုင်ဘဲ အပြန်အလှန်ဆက်သွယ်မှုရှိနေကြောင်း အသိအမှတ်ပြုလျက် **ပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များကို ထည့်သွင်း စဉ်းစားခြင်းသည် ပြည်သူဗဟိုပြုဖွံ့ဖြိုးမှု ထိရောက်အောင်မြင်ရေးအတွက်အချက်အခြာကျရုံသာမက** ကုံလုံပြည့်စုံပြီး ကောင်းမွန်သည့် လူနေမှုအဆင့်အတန်းကို ရရှိစေရေးအတွက် ရေရှည်တည်တံ့ပြီး သာတူညီမျှရှိသော ဖွံ့ဖြိုးရေး မဟာဗျူဟာများ ရေးဆွဲရာတွင် လမ်းညွှန်ဖြစ်သည်။

(10) **Sustainable and renewable energy for the needs of people and for economic development in Myanmar** will be secured, and utilized efficiently, through the use of existing technology and innovations in the generation, storage, supply and use of energy.

(11) **Climate smart approaches to development,** including resilience, climate change adaptation and mitigation, and disaster reduction strategies, will be aligned to environmental protection and good natural resource management approaches in the pursuit of low–carbon, sustainable development.

(12) **Economic values** of environmental services will be recognised and incorporated in development policies so that these values are optimised and maintained to the extent possible.

(13) **Pollution and waste is to be avoided and minimised at the source** as more cost effective than remediation, enterprises will be encouraged to adopt clean production principles and best practices.

(၁၀) **မြန်မာ့စီးပွားရေး ဖွံ့ဖြိုးမှုနှင့် ပြည်သူများ၏ လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန်အတွက်** စွမ်းအင်ထုတ်လုပ်ရေး၊ သိုလှောင်ရေး၊ ဖြန့်ဖြူးရေး နှင့်သုံးစွဲရေးတို့တွင် လက်ရှိနည်းပညာနှင့် တီထွင် ဆန်းသစ်မှုများကို အသုံးပြု၍ **ရေရှည်တည်တံ့ပြီး ပြန်ပြည့်မြဲဖြစ်သော စွမ်းအင်များကို အကျိုးရှိရှိ ထိရောက်စွာရယူ အသုံးချရမည်။**

(၁၁) ကာဗွန်ထုတ်လွှတ်မှုလျှော့နည်းပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ရာတွင် ရာသီဥတု ပြောင်းလဲမှုဒဏ်ကြံ့ကြံ့ခံနိုင်ခြင်း၊ ရာသီဥတု ပြောင်းလဲမှု လျှော့ချခြင်းနှင့် လိုက်လျောညီထွေ ရှိစေခြင်း၊ သဘာဝဘေးအန္တရာယ် လျှော့ချခြင်း စသည့် **ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျော ညီထွေရှိသည့် ဖွံ့ဖြိုးရေး နည်းလမ်းများကို** ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့် သဘာဝ သယံဇာတ စီမံခန့်ခွဲရေး နည်းလမ်းကောင်းများ နှင့်ကိုက်ညီစွာဆောင်ရွက်ရမည်။

(၁၂) ပတ်ဝန်းကျင် ဝန်ဆောင်မှုများကို **စီးပွားရေး ဆိုင်ရာတန်ဖိုးများ**အဖြစ် အသိအမှတ်ပြု၍ အဆိုပါတန်ဖိုးများကို **အပြည့်အဝ ရယူနိုင်ရန်** ဖွံ့ဖြိုးရေး မူဝါဒများတွင် ပေါင်းစပ်ထည့်သွင်း ပေးရမည်။

(၁၃) **ညစ်ညမ်းမှုနှင့် စွန့်ပစ်ပစ္စည်းများကို စတင် ထုတ်လွှတ်သည့် နေရာ၌ပင် ရှောင်ရှားခြင်းနှင့်** လျှော့ချခြင်းသည် ပြန်လည် ကုစားခြင်းထက် ကုန်ကျစရိတ် ပိုမိုသက်သာစေသည့် အားလျော်စွာ စီးပွားရေးလုပ်ငန်းများက သန့်ရှင်းသည့် ထုတ်လုပ်မှု နည်းစဉ်များ(clean production principle)နှင့် အလေ့အကျင့်ကောင်းများအား လက်တွေ့ကျင့်သုံး လာစေရန်တိုက်တွန်းအားပေးရမည်။

(14) **Remediation of past environmental damage** will be prioritised in development planning and decision–making to promote green outcomes and give effect to the polluter pays principle.

### (c) Mainstreaming environmental protection and management

(15) Institutional and legal frameworks for **implementing and enforcing environmental laws and policies will be strengthened** through clear definition of rights and responsibilities, and greater collaboration among different institutions within the government at all levels, as well as with non–government stakeholders.

(16) All decisions on policies, plans, projects and activities that could have environmental impacts will be subject to **prior comprehensive assessment of their potential impacts, applying the precautionary principle**, systematic risk assessment and the mitigation hierarchy.

(၁၄) သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေမည့် အစိမ်းရောင်အကျိုးရလဒ်ကောင်းများ တိုးမြှင့်ရေးနှင့် ညစ်ညမ်းစေသူ တာဝန်ယူသည့်မူ (polluter pays principle)ကို ကျင့်သုံးရေးအတွက် ဖွံ့ဖြိုးရေးဆိုင်ရာစီမံကိန်းများနှင့် ဆုံးဖြတ်ချက်များချမှတ်ရာတွင် ယခင်ဖြစ်ပွားခဲ့သည့် **ပတ်ဝန်းကျင်ထိခိုက်မှုများကို ပြန်လည်ကုစားနိုင်ရေး ဦးစားပေး** ဆောင်ရွက်ရမည်။

## (ဂ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်ဝန်းကျင် စီမံခန့်ခွဲရေးကို ထည့်သွင်းပေါင်းစပ်ခြင်း

(၁၅) **ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေနှင့် ဆက်စပ်ဥပဒေနှင့် မူဝါဒများ အကောင်အထည်ဖော်ကြပ်မတ် ဆောင်ရွက်နိုင်ရေး**အတွက် အစိုးရအဖွဲ့အစည်းအဆင့်ဆင့်ကြားတွင်သာမက အစိုးရမဟုတ်သော ဆက်စပ်ပတ်သက်သူများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ခြင်း၊ လုပ်ပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများကို တိကျခိုင်မာစွာ သတ်မှတ်ကျင့်သုံးခြင်းအားဖြင့် အဖွဲ့အစည်းနှင့် ဥပဒေရေးရာမူဘောင်များကို ပိုမိုခိုင်မာအားကောင်းစေရမည်။

(၁၆) **ကြိုတင်သတိထား ဆောင်ရွက်ခြင်းမူ**(precautionary principle)၊ **ဘေးအန္တရာယ် ကျရောက်နိုင်မှုစနစ်တကျဆန်းစစ်ခြင်း** (systematic risk assessment)နှင့် **ထိခိုက်မှုလျော့ချခြင်း အဆင့်ဆင့်** (mitigation hierarchy) တို့ကို အသုံးပြု၍ ပတ်ဝန်းကျင်ထိခိုက်မှု ရှိနိုင်သည့် မူဝါဒများ၊ အစီအမံများ၊ စီမံကိန်းများနှင့် လုပ်ငန်းစဉ်များတွင် **ဖြစ်ပွားလာနိုင်သော ထိခိုက်မှုများကို ပြည့်စုံစွာ ကြိုတင် ဆန်းစစ်သုံးသပ်ပြီးမှသာ** ဆုံးဖြတ်ချက်ချရမည်။

(17) Environmental decision making at all levels will be **inclusive, transparent and accountable to relevant stakeholders**, with communities and citizens having the right to participate in decision making processes and access information that could affect their lives and property.

(18) **Gender equality** and the empowerment of women and girls will be integrated into all aspects of environmental protection and management.

(19) **Environmental education, public awareness raising and quality research** will be promoted to enhance respect for the country's environmental values, understanding of environmental challenges, and commitment to environmental conservation and sustainable development.

(20) Environmental governance arrangements will be **responsive to peace processes, and arrangements in States and Regions including self-administered areas,** recognising that peaceful and just societies, and environmental conservation and sustainable

(၁၇) ရပ်ရွာလူထုအပါအဝင် နိုင်ငံသူ နိုင်ငံသားများနှင့် အကျိုးဆက်စပ်သူများအားလုံးသည် ၎င်းတို့၏ လူနေမှုဘဝနှင့် ပိုင်ဆိုင်မှုများအပေါ် အကျိုးသက်ရောက်နိုင်သော ပတ်ဝန်းကျင်ဆိုင်ရာ ဆုံးဖြတ်ချက်များချမှတ်မှုအဆင့်ဆင့်တွင် **ပူးပေါင်းပါဝင်နိုင်ခွင့်နှင့် သက်ဆိုင်ရာ သတင်းအချက်အလက်များ ရရှိနိုင်ခွင့်တို့ အပြည့်အဝရှိစေပြီး ပတ်ဝန်းကျင်ဆိုင်ရာဆုံးဖြတ်ချက်များသည် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုရှိစေရမည်။**

(၁၈) ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးနှင့် စီမံခန့်ခွဲရေးကိစ္စ အားလုံးတွင် **ကျား/မတန်းတူညီမျှရေး** လုပ်ဆောင်ချက်များ၊ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ အခန်းကဏ္ဍကို မြှင့်တင်သည့် ဆောင်ရွက်ချက်များ ပေါင်းစပ်ထည့်သွင်းရမည်။

(၁၉) နိုင်ငံရှိ ပတ်ဝန်းကျင်ဆိုင်ရာ တန်ဖိုးများကို လေးစားမှု၊ ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများကို သဘောပေါက်နားလည်မှု၊ ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို အစဉ်တစိုက် လုပ်ဆောင်လိုမှု စသည်တို့ တိုးတက် မြင့်မားလာစေရန် ရည်သန်၍ **ပတ်ဝန်းကျင်ဆိုင်ရာပညာရေး၊ လူထုအသိအမြင်ပြန့်ပွားရေးနှင့် အဆင့်မြင့်သုတေသနလုပ်ငန်းများကို** တိုးမြှင့်ဆောင်ရွက်သွားမည်။

(၂၀) ငြိမ်းချမ်း၍ တရားမျှတမှုရှိသော လူ့အဖွဲ့အစည်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းမှုတို့သည် အချင်းချင်းအမှီသဟဲပြုနေကြောင်း အသိအမှတ်ပြုသည့် အားလျော်စွာ ပတ်ဝန်းကျင်ဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ် အစီအစဉ်များသည် **ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ**

development efforts are mutually beneficial.

(21) **Financial sustainability** of environmental governance will be achieved through the application of the polluter pays principle and the use of green financial instruments.

(22) **International cooperation** will be sought to strengthen environmental conservation and sustainable development in Myanmar, and to address regional and global challenges, through bilateral and multilateral agreements, experience sharing and implementation arrangements.

(23) National environmental interests will be given thorough consideration before signing **international and regional treaties,** international investment treaties must recognise Myanmar's evolving environmental governance and honour previously ratified agreements and utilize the most environmentally sustainable methods.

**အပါအဝင် ဒေသအသီးသီးရှိ အုပ်ချုပ်မှု အစီအမံများနှင့် သဟဇာတဖြစ်စေရမည်။**

(၂၁) ညစ်ညမ်းစေသူတာဝန်ယူသည့်မှု (polluter pays principle) ၊ အစိမ်းရောင်ဘဏ္ဍာရေး အစီအမံများအစရှိသော နည်းလမ်းများ ကျင့်သုံးခြင်းဖြင့် ပတ်ဝန်းကျင်ဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ် အတွက် **ဘဏ္ဍာရေးရေရှည်တည်တံ့မှု ရှိစေရမည်။**

(၂၂) တစ်ကမ္ဘာလုံးနှင့်ဒေသတွင်းတွင် တွေ့ကြုံနေရသော ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရာတွင်လည်းကောင်း၊ မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်ရေးကို အားကောင်းစေရန် လည်းကောင်း နှစ်ပြည်ထောင်နှင့် နိုင်ငံတကာကြား သဘောတူစာချုပ်များ ချုပ်ဆိုခြင်း၊ အတွေ့အကြုံများ ဖလှယ်ခြင်းနှင့် သဘောတူထားသော အစီအစဉ်များကိုဆက်လက် အကောင်အထည်ဖော်ခြင်းဖြင့် **နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု**ကို တိုးမြှင့်ရယူမည်။

(၂၃) **အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာစာချုပ်များကို**လက်မှတ်မရေးထိုးမီကပင် နိုင်ငံတော်၏ ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးစီးပွားများအတွက် ဘက်စုံ ထည့်သွင်းစဉ်းစားရမည်။ အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု စာချုပ်များသည် မြန်မာနိုင်ငံ၏ ပြောင်းလဲတိုးတက်နေသော ပတ်ဝန်းကျင်ဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်နှင့် မြန်မာနိုင်ငံက အတည်ပြု လက်မှတ်ရေးထိုးပြီးဖြစ်သော အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များကို အသိအမှတ်ပြုကာ ပတ်ဝန်းကျင်အတွက် အကောင်းဆုံး ဖြစ်စေမည့် နည်းလမ်းများကို ကျင့်သုံး ဆောင်ရွက်ရမည်။

## Implementing the National Environmental Policy

8. The Government of the Republic of the Union of Myanmar is committed to putting this National Environmental Policy into action through a Strategic Framework and a series of master plans. The Strategic Framework applies the National Environmental Policy principles to priority thematic areas and sectors. It also provides environmental governance requirements for effective implementation, including institutional strengthening, monitoring and enforcement, public participation, dispute resolution and financing. The Strategic Framework provides guidance for preparing master plans for States and Regions and for the priority thematic areas and sectors. The master plans will contain specific activities, timeframes, budgets and performance targets for achieving the Strategic Framework objectives and, ultimately, the National Environmental Policy vision.

# အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒကို အကောင်အထည်ဖော်ဆောင်ခြင်း

၈။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် ဤအမျိုးသားပတ်ဝန်းကျင်ရေးရာ မူဝါဒကို မဟာဗျူဟာမူဘောင်နှင့် ပင်မစီမံကိန်းများရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။ မဟာဗျူဟာမူဘောင်တွင် သတ်မှတ်ထားသည့် ပတ်ဝန်းကျင်ဆိုင်ရာ ဦးစားပေးနယ်ပယ်များနှင့် ကဏ္ဍများတွင် ပတ်ဝန်းကျင်ရေးရာမူဝါဒပါ အခြေခံမှုများအား ထည့်သွင်း အသုံးချသွားမည်ဖြစ်သည်။ ပတ်ဝန်းကျင်ဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ် တိုးတက် ကောင်းမွန်လာစေရန်နှင့် ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် အဖွဲ့အစည်းခိုင်မာစေခြင်း၊ စည်းမျဉ်းစည်းကမ်းဆိုင်ရာ အစီအမံများချမှတ်ခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်း၊ ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်စေခြင်း၊ အများပြည်သူပူးပေါင်းပါဝင်ခြင်း၊ အငြင်းပွားမှုများ ဖြေရှင်းခြင်း စသည့်လုပ်ဆောင်ချက်များအပြင် အဆိုပါကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်များကိုလည်း မဟာဗျူဟာမူဘောင်တွင် ထည့်သွင်း ရေးဆွဲသွားမည် ဖြစ်ပါသည်။ ပတ်ဝန်းကျင်ရေးရာ မဟာဗျူဟာမူဘောင်သည် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ပင်မစီမံကိန်းများ၊ ပတ်ဝန်းကျင်ဆိုင်ရာ ဦးစားပေးနယ်ပယ်များနှင့် ဆက်စပ်ကဏ္ဍအလိုက် ပင်မစီမံကိန်းများ ရေးဆွဲရန်အတွက် လမ်းညွှန်ဖြစ်သည်။ ယင်းပင်မစီမံကိန်းများတွင် မဟာဗျူဟာအရ အကောင်အထည်ဖော်ဆောင်ရွက်မည့် ရည်ရွယ်ချက်များ၊ အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ ရေရှည်မျှော်မှန်းချက်များ ရရှိစေရန် အလို့ငှာ အသေးစိတ် လုပ်ငန်းများ၊ အချိန်ကာလများ၊ ဘဏ္ဍာငွေ(ခန့်မှန်းချက်)များနှင့် အကောင်အထည်ဖော်မည့် လျာထားရည်မှန်းချက်များ ပါဝင်မည်ဖြစ်သည်။

The linkages between the National Environmental Policy, Strategic Framework and Master Plans are depicted in the following diagram:



အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မဟာဗျူဟာမူဘောင်နှင့် ပင်မ စီမံကိန်းများ၏ ဆက်နွှယ်မှုကို အောက်ဖော်ပြပါပုံတွင် ဖော်ပြထားပါသည်-

